# သာမန်ကာလ (၃၀)ကြိမ်မြောက် ကြာသပတေးနေ့

ရှင်လုကာ ၁၃း၃၁-၃၅

ယနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ ဖါရိဇေဦးတစ်ချို့က သခင်ယေဇူးကို ဂျေရုဆလင်မြို့ကို ဆက်မသွားပဲ ဟေရုဒ်မင်း မသိအောင် ရှောင်နေဖို့ ပြောကြပါတယ်။ ဒါပေမဲ့ သခင်ယေဇူးကတော့ ဂရုမစိုက်ပါဘူး။ သူလုပ်စရာရှိတာ ဆက်လုပ်တာပါပဲ၊ ရောဂါဝေဒနာတွေကို တန်ခိုးတော်နဲ့ ကုသပျောက်ကင်းစေတယ်၊ နတ်ဆိုးတွေကို နှင်ထုတ်ပေးတယ်။ ဟေရုဒ်မင်းက သတ်မှာကို သခင်ယေဇူးက လုံးဝမစိုးရိမ်ပါဘူး။

ဘာဖြစ်လို့ မစိုးရိမ်တာလဲဆိုတော့ သခင်ယေဇူးရဲ့အသေခံခြင်းက ဘုရားသခင်ရဲ့ အစီအစဉ်အရ ဖြစ်ပါတယ်။ ဟေရုဒ်မင်းရဲ့ အစီအစဉ်အရ ဖြစ်လာတာမဟုတ်ပါဘူး၊ သခင်ယေဇူးက ကံဆိုးလို့ အသတ်ခံလိုက်ရတာ မဟုတ်ပါဘူး။ ဘုရားက အခွင့်မပြုရင် ဟေရုဒ်မင်းက ဘာမှမတတ်နိုင်ပါဘူး။ ဘုရားက အခွင့်မပြုရင် သခင်ယေဇူးကို ဘယ်သူကမှ မသတ်နိုင်ပါဘူး။

အဲဒီလို မတရားသဖြင့် နှိပ်စက်ညှင်းပမ်းခံရတာတွေက ကမ္ဘာဦးကတည်းက အခုချိန်အထိ ဖြစ်နေတုန်းပါပဲ။ ဒါကို ဘုရားသခင် အလိုမရှိပါဘူး။ တစ်ချို့ ယုံကြည်သူတွေက ပြောကြတယ်၊ “ဘုရားက အားလုံးစုံကို တတ်နိုင်တယ်ပြောပြီး မတရားသဖြင့် နှိပ်စက်ညှင်းပမ်းခံရတာတွေမှာ ဘာဖြစ်လို့ ဝင်မကယ်တာလဲ၊ ဘာဖြစ်လို့ ဒီအတိုင်း လက်ပိုက်ကြည့်နေနိုင်တာလဲ” တဲ့။ ကိုယ့်အမှားနဲ့ကိုယ် ခံရတာဆိုရင် ကိုယ်က ခံနိုင်ပါသေးတယ်။ အခုတော့ မတရားသဖြင့် ခံရတာကိုတော့ ဘုရားက ဝင်ကယ်သင့်တာပေါ့ လို့ လူတွေက အားမလိုအားမရ ပြောချင်နေကြပါတယ်။ ဒါဟာ ကျနော်တို့လည်း

မဖြေရှင်းတတ်ပါဘူး။ နက်နဲတဲ့အချက်ပါပဲ။ စဉ်းစားရခက်တဲ့ပြဿနာပါပဲ။ ဘာပဲဖြစ်ဖြစ် ယေရှုဘုရားရှင်ကိုယ်တော်တိုင်က ခံထမ်းပြခဲ့ပါတယ်။ ဘုရားအပေါ်မှာ ဆက်လက် ယုံကြည်အားကိုးပြခဲ့ပါတယ်။ လူ့ဘဝဟာ ဒုက္ခခံထမ်းခြင်းနဲ့ အသေခံခြင်းနဲ့ အဆုံးသတ်တာမဟုတ်ကြောင်း လက်တွေ့သက်သေပြခဲ့ပါတယ်။ သခင်ယေရှုဘဝမှာလည်း ဒုက္ခခံ၊ အသေခံရင်းနဲ့ နိဂုံးချုပ် အဆုံးသတ်သွားခဲ့လို့လား။ မဟုတ်ပါဘူး။ သေရာမှပြန်ရှင်ပြီး ကောင်းကင်ဘုံသို့ တက်ကြွသွားခြင်းနဲ့ ဒီလောကအသက်တာကို အဆုံးသတ်ခဲ့တယ်မဟုတ်လား။

မင်္ဂလာတရား (၈)ပါးထဲမှာလည်း "ဖြောင့်မတ်ခြင်းတရားအတွက် ညှင်းပန်းနှိပ်စက်ခြင်းခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" လို့ ယေရှုဘုရားရှင် မိန့်တော်မူပြီး ဂတိပေးခဲ့ပါတယ်။

သခင်ယေရှုရဲ့ဘဝအစအဆုံးမှာ ဘုရားသခင်က စီစဉ်ထားသလို ကျနော်တို့ဘဝတွေရဲ့ကံကြမ္မာတွေအားလုံးကိုလည်း ဘုရားသခင်ရဲ့ ရွှေလက်တော်ထဲမှာ အပ်နှံပူဇော်ထားပါ။ အားကိုးယုံကြည်ပြီး ကိုယ့်ဘက်ကလည်း ကိုယ်လုပ်နိုင်တာကို ကြိုးစားလုပ်ပါ။ ဒါဆိုရင် လောကမှာ ဖြစ်ပျက်သမျှအရာအားလုံးကို စိတ်မပျက်ပဲ ခံထမ်းနိုင်ပါလိမ့်မယ်။ သခင်ယေရှုလို လာမည့်ဘေးအန္တရာယ်ကို မစိုးရိမ်တော့ပဲ ဘုရားရဲ့အလိုတော်ကို လိုက်နာနိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။